## မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

# ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင် လုပ်ငန်းလမ်းညွှန်

# Myanmar Health Assistant Association Election Commission Guideline.

၂၀၁၉ခုနှစ်၊ မေလ (၁၈)ရက်

# ၂၀၁၉ခုနှစ်၊ မေလ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| နိဒါန်း | | ၃ |
| ရည်ရွယ်ချက် | | ၃ |
| ၁။ အခန်း(၁)အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်။ | | ၃ |
| ၂။ အခန်း(၂)ကော်မရှင်အဖွဲ့ ဖွဲ့စည်းခြင်း။ | | ၄ |
| ၃။ အခန်း(၃)ကော်မရှင်အဖွဲ့ဝင်များရွေးချယ်ခြင်း | | ၄ |
| ၄။ အခန်း(၄)ဗဟိုကော်မရှင် အဖွဲ့၏ လုပ်ငန်းတာဝန် ဝတ္တရားများ | | ၅ |
| ၅။ အခန်း(၅)တိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင် အဖွဲ့၏ လုပ်ငန်းတာဝန်ဝတ္တရားများ | | ၆ |
| ၆။ အခန်း(၆)ကော်မရှင်အဖွဲ့၏ အကျိုးခံစားခွင့် | | ၆ |
| ၇။ အခန်း (၇) မြို့နယ်များ၏ အသင်းဝင်များစာရင်းကြေငြာခြင်း | | ၇ |
| ၈။ အခန်း (၈) ဗဟို၊ တိုင်းဒေသကြီး /ပြည်နယ်၊ ခရိုင်ကော်မရှင်အဖွဲ့ များမှ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာကြေညာချက်များထုတ်ပြန်ခြင်း | | ၇ |
| ၉။ ဗဟိုကော်မရှင်အဖွဲ့မှ ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာများ ကြေငြာခြင်း | | ၇ |
| ၁၀။ စည်းရုံးရေးမှူးခန့်အပ်တာဝန်ပေးအပ်ခြင်း | | ၈ |
| ၁၁။ အခန်း(၉) ကော်မရှင်အဖွဲ့ဝင်နှင့် ကော်မရှင်လုပ်ငန်းစဉ်များအား ကန့်ကွက်လွှာနှင့် အယူခံလွှာတင်သွင်းခြင်း | | ၈ |
| ၁၂။ အခန်း(၁၀) ညီလာခံကိုယ်စားလှယ်များ ရပိုင်ခွင့်နှင့် တာဝန် | | ၉ |
| ၁၃။ စည်းရုံးရေးမှူးနယ်မြေအဖြစ် သတ်မှတ်ထားသည့် မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ သွားရောက်မည့် စည်းရုံးရေးခရီးစဉ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများ | | ၉ |
| ၁၄။ နိဂုံး | | ၁၀ |

နောက်ဆက်တွဲဇယား - အယူခံလွှာ/ ကန့်ကွက်လွှာတင်သွင်းပုံစံ ၁၁,၁၂,၁၃,၁၄,၁၅,၁၆,၁၇

# မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

# ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်လုပ်ငန်းလမ်းညွှန်

**နိဒါန်း**

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ အသင်းဂင်တိုင်းသည် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း မြို့နယ်၊ ခရိုင်၊တိုင်းဒေသကြီး/ပြည်နယ်ဗဟိုအသင်းအဆင့်ဆင့်သို့ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံနိုင်ခွင့်တို့ကိုကျင့်သုံးကြရာတွင် ကော်မရှင်တစ်ရပ်ဖွဲ့စည်းနိုင်ရေးနှင့် တာ တာဂန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်နိုင်ရေး အတွက်မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းဖွဲစည်းပုံစည် ည်းမျဉ်း (၂၀၁၆) ပုဒ်မ ၄၃ နှင့် အညီ အောက်ပါ လုပ်ငန်း လမ်းညွှန်ကို ပြဌာန်းလိုက်သည်။

**ရည်ရွယ်ချက်**

(က) ကျန်းမာရေးမှူးများ၏ စည်းလုံးညီညွတ်မှုကိုတည်ဆောက်ရန်နှင့် အသင်းဖွဲ့စည်းပုံအားစနစ်တကျဆောင်ရွက်ရန်

(ခ) မြို့နယ်အဆင့်မှ ဗဟိုအဆင့်ထိရွေးချယ်တင်မြှောက်ပုံစနစ်မှန်ကန်စေရန်

(ဂ) ရွေးချယ်တင်မြှောက်ရေးလုပ်ငန်းတွင် အသင်းဝင်များကိုယ်တိုင်သိရှိလိုက်နာကျင့်သုံးတတ်စေရန်

(ဃ) ကော်မရှင်အဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများရေးဆွဲသတ်မှတ်ရန်

(င) ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင် လုပ်ငန်းလမ်းညွှန်ချက်ကိုအခြေခံ၍ နောင်ဖြစ်လာမည့် ကော်မရှင်ဖွဲ့စည်းပုံစည်းမျဉ်းလမ်းညွှန်ချက်သည် အခြားအသင်းအဖွဲ့များကလေးစားလက်ခံနိုင်သည့် စည်းမျဉ်းစည်းကမ်းချမှတ်နိုင်ရန် ။

**အခန်း (၁)**

**၁။ အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်**

(၁-က) ဤလုပ်ငန်းလမ်းညွှန်ကို မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကော်မရှင် လုပ်ငန်းလမ်းညွှန်ဟုခေါ်တွင်စေရမည်။

(၁-ခ) ဤလုပ်ငန်းလမ်းညွှန်တွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပါယ်သက်ရောက်စေရမည်။

(၁-ခ-၁)ဖွဲ့စည်းပုံစည်းမျဉ်းဆိုသည်မှာ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းဖွဲ့စည်းပုံ စည်းမျဉ်းကိုဆိုလိုသည်။

(၁-ခ-၂) ရွေးကောက်ပွဲဆိုသည်မှာ မြန်မာနိုင်ငံကျန်းမာရေးအသင်း မြို့နယ်၊ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ဗဟိုအသင်းအဆင့်ဆင့်ဖွဲ့စည်းနိုင်ရေးအတွက် ပြုလုပ်သော ရွေးကောက်ပွဲကို ဆိုလိုသည်။

## အခန်း (၂)

### ၂။ ကော်မရှင်အဖွဲ့ ဖွဲ့စည်းခြင်း

ရွေးကောက်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်ဖွဲ့စည်းခြင်းကိုဗဟိုအဆင့်နှင့်တိုင်းဒေသကြီး/ပြည်နယ်အအဆင့်တွင်သာဖွဲ့စည်းရန်။

(၂-က) ဗဟိုကော်မရှင်ဖွဲ့စည်းခြင်း

ဗဟိုကော်မရှင်ကို- ဥက္ကဋ္ဌ(၁) ဦး၊အတွင်းရေးမှူး(၁) ဦး၊အဖွဲ့ဝင်(၃)ဦးစုစုပေါင်း (၅) ဦးတို့ဖြင့်ဖွဲ့စည်းရမည်။

(၂-ခ) တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင် ဖွဲ့စည်းခြင်း

တိုင်းဒေသကြီး/ ပြည်နယ် ကော်မရှင်ကို- ဥက္ကဋ္ဌ(၁) ဦး၊ အတွင်းရေးမှူး(၁) ဦး၊ အဖွဲ့ဝင် (၁)ဦး မှ (၃) ဦးစုစုပေါင်း (၃) ဦးမှ (၅) ဦးတို့ဖြင့် ဖွဲ့စည်းရမည်။

## အခန်း (၃)

### ၃။ ကော်မရှင်အဖွဲ့ဝင်များရွေးချယ်ခြင်း

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းကော်မရှင်အဖွဲ့ဝင်များသည် အောက်ပါအချက်အလက်များနှင့် ကိုက်ညီသူများကို ရွေးချယ် တာဝန်ပေးအပ်ရမည်။

(၃-က) ဗဟိုကော်မရှင်အဖွဲ့သည် ဗဟိုဦးစီးအဖွဲ့အစည်းအဝေးမှ ရွေးချယ်တာဝန်ပေးသူဖြစ်ရမည်။

(၃-ခ) မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ အသင်းဝင်များဖြစ်ရမည်။

(၃-ဂ) တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့များကိုသက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အမှုဆောင်အဖွဲ့ မှရွေးချယ်ပြီး ဗဟိုကော်မရှင်၏ အတည်ပြုချက်ဖြင့်ဖွဲ့စည်းပေးရမည်။

(၃-ဃ)မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းဗဟိုအမှုဆောင်အဖွဲ့နှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးကောင်စီတွင် ပါဝင်သူမဖြစ်စေရ။

(၃-င) မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းအဆင့်ဆင့်တွင် အမှုဆောင်လုပ်ခဲ့ဖူးသူ ဖြစ်ရမည်။

(၃-စ) ဗဟိုကော်မရှင်အဖွဲ့ဝင်များသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့်အခြား(NGOs,INGOs) အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသူများမဖြစ်စေရ။

(၃-ဆ) ကော်မရှင်အဖွဲ့ဝင်များသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အတွင်းအနည်းဆုံး(၁) နှစ်ကြာ နေထိုင်ခဲ့ပြီးသူ ဖြစ်ရမည်။

(၃-ဇ) ကော်မရှင်အဖွဲ့၏သက်တမ်းသည် နောက်လာမည့် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပသည့်ရက် အထိသာဖြစ်သည်။

## အခန်း (၄)

### ၄။ ဗဟိုကော်မရှင် အဖွဲ့၏ လုပ်ငန်းတာဝန် ဝတ္တရားများ

(၄-က) တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ သွားရောက်၍တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးမှူး အသင်းများကိုဖွဲ့စည်းပေးရမည်။

(၄-ခ) တိုင်းဒေသကြီးနှင့် ပြည်နယ် ကျန်းမာရေးမှူးအသင်းများဖွဲ့စည်းရာတွင် တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်။

(၄-ဂ) ခရိုင်အသင်းများဖွဲ့စည်းပြီးစီးမှုသည် စနစ်တကျ မှန်ကန်မှု ရှိ/မရှိ မြန်မာနိုင်ငံကျန်းမာရေးမှူး အသင်းဖွဲ့စည်းပုံစည်းမျဉ်းအခန်း (၅)အပိုဒ်(၂၆၊၂၇၊၂၈၊၂၉၊ ၃၀) တို့နှင့်ညီညွတ်မှု ရှိ/မရှိစိစစ်ရမည်။

(၄ဃ) ရွေးချယ်ရာတွင်မဲအရေအတွက်တူညီနေပါက ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများကို ပြန် လည် သုံးသပ်စစ်ဆေးပြီးကော်မရှင်အဖွဲ့၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

(၄-င) တိုင်းဒေသကြီး/ပြည်နယ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် အသင်းဖွဲ့စည်းမှု မှတ်တမ်းကိုစနစ်တကျ သိမ်းဆည်းရမည်။

(၄-စ) ညီလာခံတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဖွဲ့စည်းရေးကို နာယကများ၏ရှေ့မှောက်တွင် တာဝန်ယူ ဆောင်ရွက်ပေးရမည်။

(၄-ဆ) ရွေးချယ်ရာတွင် လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ရမည်။

(၄-ဇ) ရွေးချယ်တင်မြှောက်ပွဲကျင်းပရာတွင်သတ်မှတ်ထားသောပုံစံများကိုတိတိကျကျ အသုံးပြုပြီး နာယကသို့မဟုတ် ဗဟိုကော်မရှင် အဖွဲ့ဝင်(၁)ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်(၁)ဦးမှ အတည်ပြုလက်မှတ်ရေးထိုးရမည်။

(၄-ဈ) ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အမှုဆောင်အဖွဲ့အမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့်နာယကများထံသို့ သက်ဆိုင်ရာကော်မရှင်မှ မိတ္တူ ပေးပို့ရမည်။

(၄-ည) ရွေးချယ်တင်မြှောက်ပွဲအဆင့်တိုင်းတွင်ပွင့်လင်းမြင်သာမှုရှိရေး၊အပြန်အလှန်ထိန်းကျောင်းမှုရှိရေး၊ တာဝန်ယူမှုတာဝန်ခံမှုရှိရေးအတွက် ကော်မရှင်မှဆောင်ရွက်ရမည်။

(၄-ဋ) ဖွဲ့စည်းပုံစည်းမျဉ်းပုဒ်မ ၁၆ နှင့် ၄၃အရဗဟိုတိုင်းဒေသကြီး/ပြည်နယ်အဆင့် ကော်မရှင် အဖွဲ့ဝင် များမှ လိုက်နာဆောင်ရွက်ရန်။

(၄- ဌ) ရွေးကောက်ပွဲများကျင်းပခြင်း။

(၄-ဍ) ရွေးကောက်ပွဲများကျင်းပခြင်းကို ကြီးကြပ်ခြင်း။

(၄-ဎ) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ကြီးကြပ်ခြင်း။

(၄-ဏ) အသင်းဝင်စာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ကြေငြာခြင်း။

(၄-တ) ရွေးကောက်ပွဲကျင်းပရာတွင် အစည်းအဝေးတက်ရောက်ခွင့်ရှိသူစုစုပေါင်း၏ (၅၀) ရာခိုင်နှုန်းနှင့် အထက် တက်ရောက်မှသာလျှင် အစည်းအဝေးထမြောက်အောင်မြင်သည်ဟု သတ်မှတ်မည်ဖြစ်သည်။

## အခန်း (၅)

**၅။ တိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင် အဖွဲ့၏ လုပ်ငန်းတာဝန်ဝတ္တရားများ**

(၅-က) ဗဟိုကော်မရှင်ဖွဲ့စည်းပြီး (၂) လအတွင်းတိုင်းဒေသကြီး/ ပြည်နယ် ကော်မရှင် အဖွဲ့များကို ဖွဲ့စည်းရမည်။

(၅-ခ) တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိမြို့နယ်/ခရိုင်များအားလုံးကို တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင် အဖွဲ့ကဦးဆောင်ဖွဲ့စည်းရမည်။ လိုအပ်ပါကဗဟိုကော်မရှင်အဖွဲ့နှင့်ပူးပေါင်း ချိတ်ဆက်ဆောင်ရွက်ရမည်။

(၅-ဂ) ရွေးချယ်ရာတွင် မဲအရေအတွက် တူညီနေပါကကော်မရှင်အဖွဲ့၏ ဆုံးဖြတ်ချက်သည် အတည် ဖြစ်သည်။

(၅-ဃ) ရွေးချယ်ရာတွင် လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ရမည်။

(၅-င) ရွေးချယ်တင်မြှောက်ပွဲကျင်းပရာတွင်သတ်မှတ်ထားသောပုံစံများကိုတိတိကျကျ အသုံးပြုပြီးနာယကသို့မဟုတ် ကော်မရှင်အဖွဲ့ဝင်(၁)ဦးမှအတည်ပြုလက်မှတ်ရေးထိုးရမည်။

(၅-စ) ရွေးချယ်တင်မြှောက်ပွဲအဆင့်တိုင်းတွင်ပွင့်လင်းမြင်သာမှုရှိရေး၊အပြန်အလှန်ထိန်းကျောင်းမှုရှိရေး၊ တာဝန်ယူမှုတာဝန်ခံမှုရှိရေးအတွက် ကော်မရှင်အဖွဲ့မှဆောင်ရွက်ရမည်။

(၅-ဆ) တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့သည် ဗဟိုကော်မရှင်အဖွဲ့က ပေးအပ်လာသောတာဝန် များကို ထမ်းဆောင်ရမည်။

## အခန်း (၆)

**၆။ ကော်မရှင်အဖွဲ့၏ အကျိုးခံစားခွင့်**

ကော်မရှင်အဖွဲ့များသည်မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှချမှတ်ထားသောငွေကြေးစည်းမျဉ်း၊စည်းကမ်း များအတိုင်းခံစားပိုင်ခွင့်၊ သုံးစွဲပိုင်ခွင့်ရှိရမည်။

## အခန်း (၇)

## ၇။ မြို့နယ်များ၏အသင်းဝင်များစာရင်းကြေငြာခြင်း။

(၇-က) အသင်းဝင်စာရင်း ပြုစုခြင်း။

(၇-က-၁) မြို့နယ်အဆင့် အသင်းဝင်စာရင်းကို လက်ရှိမြို့နယ်အသင်းဥက္ကဌက ပြုစု၍ ဗ ဗဟို ကော်မရှင်အဖွဲ့သို့ အချိန်မီတင်သွင်းရမည်။

(၇-က-၂) ပါဝင်ခွင့်ရှိလျက် အမည်စာရင်းတွင် ပါဝင်ခြင်းမရှိကြောင်းတွေ့ရှိလျှင် ထိုအမည်များကို အသင်းဝင်စာရင်းတွင်တိုင်းဒေသကြီး / ပြည်နယ် ကော်မရှင်အဖွဲ့မှထည့်သွင်းပေးရမည်။

(၇-က-၃) အသင်းဝင်စာရင်းတွင် ပါဝင်ခြင်းမရှိဘဲကြေညာချက်တွင် အမည်တွေ့ရှိလျှင် ထိုအမည်များကိုစာရင်းမှ ပယ်ဖျက်ရမည်။

(၇-က-၄) အစိုးရဝန်ထမ်း မဟုတ်သော အသင်းဝင်များသည် သက်ဆိုင်ရာဒေသတွင် အနည်းဆုံး (၁) နှစ်ကြာ နေထိုင်ခဲ့ပြီးသူ ဖြစ်ရမည်။

(၇-ခ) မြို့နယ်အသင်း အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်းမပြုမှီ (၁)လ အလိုတွင်မြို့နယ်အသင်းဝင်များ စာရင်းကို ကြေညာရမည်။

## အခန်း (၈)

## ၈။ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ အမည်စာရင်း ကြေငြာခြင်း။

(၈-က) ဗဟိုရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့အမည်စာရင်းကို ဗဟိုအလုပ်အမှုဆောင် အဖွဲ့မှ ဗဟိုဦးစီးအစည်းအဝေးအပြီး တစ်ပတ်အတွင်း ကြေငြာရန်၊

(၈-ခ) တိုင်းဒေသကြီး / ပြည်နယ် ကော်မရှင်အဖွဲ့အမည်စာရင်းကို ဖွဲ့စည်းပြီး တိုင်းဒေသကြီး/ပြည်နယ် အမှုဆောင်အဖွဲ့မှ တစ်ပတ်အတွင်းကြေငြာပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့အစီရင်ခံရန်၊

## ၉။ ဗဟိုကော်မရှင်အဖွဲ့မှ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာများ ကြေငြာခြင်း။

(၉-က) မြို့နယ်၊ခရိုင်၊တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ရွေးချယ်သည့် အမှုဆောင်စာရင်းကို အချိန်နှင့် တပြေးညီ ထုတ်ပြန်ခြင်း၊

(၉-ခ) ပြည်နယ်နှင့် တိုင်းဒေသကြီးအမှုဆောင်အဖွဲ့ စာရင်းကို ညီလာခံမတိုင်မီ အနည်းဆုံး (၁) လ ကြိုတင် ကြေငြာရမည်။

(၉-ဂ) ဗဟိုအမှုဆောင်အဖွဲ့ အမည်စာရင်းကို ညီလာခံမတိုင်မီ အနည်းဆုံး (၂) ပတ် ကြိုတင် ကြေငြာရမည်။

(၉-ဃ) ရွေးချယ်တင်မြှောက်ပွဲမတိုင်မီညီလာခံပထမနေ့တွင် ဗဟိုအမှုဆောင်ဟောင်းများ နုတ်ထွက်ကြောင်းကြေငြာရမည်။

(၉-င) ရွေးချယ်တင်မြှောက်ပွဲမတိုင်မီ ဗဟိုအမှုဆောင်အဖွဲ့အသစ်အမည်စာရင်းကို အတည်ပြုကြေငြာရမည်။

(၉-စ) ဥက္ကဋ္ဌအဖြစ်ရွေးချယ်ခံမည့် ဗဟိုအမှုဆောင်များ၏ အမည်စာရင်းကို ရွေးချယ်ပွဲ၌ အတည်ပြုကြေငြာပေးရမည်။

(၉-ဆ) ဗဟိုကော်မရှင်သည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ရွေးချယ်ပွဲကို ဦးဆောင်ကျင်းပရမည်။

(၉-ဇ) ရွေးချယ်ခံရသော ဗဟိုအလုပ်အမှုဆောင်စာရင်းကို အတည်ပြုကြေငြာပေးရမည်။

**၁၀။ စည်းရုံးရေးမှူးခန့်အပ်တာဝန်ပေးအပ်ခြင်း။**

အဆင့်ဆင့်ဖွဲ့စည်းရာတွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီမှုမရှိပါက စည်းရုံးရေးမှူးတစ်ဦး တာဝန်ပေး ခန့်အပ်ရမည်။

(၁၀-က) ဖွဲ့စည်းပုံပါ စည်းမျဉ်းစည်းကမ်းများနှင့် မကိုက်ညီခြင်း၊

(၁၀-ခ) ရွေးချယ်တင်မြှောက်ပွဲလမ်းညွှန်ချက်များနှင့် မကိုက်ညီခြင်း၊

(၁၀-ဂ) ဒေသအခြေအနေများအရ အဟန့်အတားဖြစ်ခြင်း၊

**အခန်း (၄)**

**၁၁။ ကော်မရှင်အဖွဲ့ဝင်နှင့်ကော်မရှင်လုပ်ငန်းစဉ်များအား ကန့်ကွက်လွှာနှင့်အယူခံလွှာတင်သွင်းခြင်း**

(၁၁-က) ကန့်ကွက်လွှာနှင့် အယူခံလွှာတွင် တင်ပြချက်များကိုဗဟိုကော်မရှင်အဖွဲ့မှ စုံစမ်းစစ် ဆေးရေး အဖွဲ့ဖွဲ့စည်းပြီး တာဝန်ပေးဆုံးဖြတ်စေခြင်း။

(၁၁-ခ) စည်းရုံးရေးနယ်မြေအဖြစ်သတ်မှတ်ခံရသော မြို့နယ်၊ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ် အနေဖြင့်ဗဟိုကော်မရှင်အဖွဲ့ထံမှ အကြောင်းကြားစာလက်ခံရရှိပြီးလျှင် (၂) ပတ်အတွင်း ဗဟိုကော်မရှင်အဖွဲ့ထံသို့အယူခံလွှာ/ ကန့်ကွက်လွှာတင်သွင်းနိုင်သည်။

(၁၁-ဂ) အယူခံလွှာများကိုညီလာခံမတိုင်မီ(၂)လထက်နောက်မကျစေဘဲတင်သွင်းရမည်။

(၁၁-ဃ) အယူခံလွှာများ၏နောက်ဆုံးဆုံးဖြတ်ချက်များကိုဗဟိုနာယကအဖွဲ့နှင့် ဗဟိုရွေးချယ် တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့မှဆုံးဖြတ်ရမည်။

(၁၁-င) အခြေအနေအရပ်ရပ်ကြောင့် ကော်မရှင်အဖွဲ့မှ မဆုံးဖြတ်နိုင်သောကိစ္စရပ်များကို ဗဟိုနာယကအဖွဲ့၊ ဗဟိုကော်မရှင်အဖွဲ့ နှင့် ဗဟိုအမှုဆောင်အဖွဲ့ တို့မှညှိနှိုင်းဆုံးဖြတ် အတည်ပြုရမည်။

**အခန်း(၁၀)**

**၁၂။ ညီလာခံကိုယ်စားလှယ်များ၏ ရပိုင်ခွင့်၏တာဝန်။**

**(၁၂-က) ညီလာခံကိုယ်စားလှယ်သည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။**

**(၁၂-ခ) ညီလာခံကိုယ်စားလှယ်သည် အစည်းအဝေးကို မပျက်မကွက် တက်ရောက်ရမည်။**

**(၁၂-ဂ) ညီလာခံကိုယ်စားလှယ်ဖြစ်သော မြို့နယ်/ခရိုင်အသင်းဥက္ကဋ္ဌသည် အကြောင်းအမျိုးမျိုးကြောင့် ညီလာခံကို မတက်ရောက်နိုင်ပါက ၎င်း၏ကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား လွှဲစာဖြင့် အစည်းအဝေးတက်ရောက်ရန် စေလွှတ်နိုင်သည်။**

**(၁၂-ဃ) လေ့လာသူများ အနေဖြင့် ညီလာခံမကျင်းပမီ (၂) ပတ်ကြိုတင်၍သတ်မှတ်ထားသည့် ပုံ စံတွင် ဖြည့်စွက်လျှက် ကော်မရှင် ဥက္ကဋ္ဌထံ အချိန်မီပေးပို့ရမည်။**

**၁၃။ စည်းရုံးရေးနယ်မြေအဖြစ်သတ်မှတ်ထားသည့်မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ သွားရောက်မည့် စည်းရုံးရေးခရီးစဉ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ**

(၁၃-က) စည်းရုံးရေးနယ်မြေများသို့ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ စည်းရုံးရေးလုပ်ငန်းများ ဖွံ့ဖြိုး စေရန် နှင့် နောက်တစ်ကြိမ် အမှုဆောင်များဖွဲ့စည်းနိုင်စေရန်ရည်ရွယ်လျှက် ပုံမှန်ခရီးစဉ်များကို ဗဟိုကော်မတီအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ရမည်။ထိုဒေသ၏ အားနည်းချက်၊အားသာချက်များကို ဆွေးနွေးညှိနှိုင်းပေးရမည်။

(၁၃-ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် အသင်းဝင်များ၏သဘောထားများနှင့် ညှိနှိုင်းလျှက် ရနိုင်သလောက် ဖွဲ့စည်းဆောင်ရွက်ရမည်။

(၁၃-ဂ) လိုအပ်ပါကဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ကော်မရှင်အဖွဲ့များကို ပူးပေါင်းကူညီဆောင်ရွက် ပေး ရမည်။

(၁၃-ဃ) ဗဟိုကော်မရှင် အဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ် ဥက္ကဋ္ဌများ နှင့် ချိတ်ဆက်၍ရွေးချယ်တင် မြှောက်ပွဲကျင်းပသည့် ကိစ္စရပ်များကိုပူးပေါင်းဆောင်ရွက်ရမည်။

# နိဂုံး

မြန်မာနိုင်ငံကျန်းမာရေးမှုးအသင်း၏ ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ လုပ်ငန်းများကို စည်းကမ်းစနစ်တကျ ပွင့်လင်းမြင်သာစွာဖြင့် ရွေးချယ်နိုင်ရန်အတွက် ရေးဆွဲထားသော ကော်မရှင်လုပ်ငန်းလမ်းညွှန်ဖြစ်သည်အတွက် မှန်ကန်သောရွေးချယ်မှုကို အထောက်အကူပြု လမ်းညွှန်နိုင်မည်ဖြစ်ပါသည်။

# မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းရာသက်ပန်အသင်းဝင် အဆိုပြုလွှာ

အသင်းဝင်အမှတ် ..............................

၁။ အမည် ..........................................................................................

၂။ အသက်/မွေးသက္ကရာဇ် ..........................................................................................

၃။ အဘအမည်/အမိအမည် ..........................................................................................

၄။ နိုင်ငံသားမှတ်ပုံတင်အမှတ် ..........................................................................................

၅။ လူမျိုး/ကိုးကွယ်သည့်ဘာသာ ..........................................................................................

၆။ ပညာအရည်အချင်း ..........................................................................................

၇။ သင်တန်းအပတ်စဉ် ..........................................................................................

၈။ အမြဲတမ်းနေရပ်လိပ်စာ ..........................................................................................

၉။ ရာသက်ပန်အသင်းဝင်ကဒ်
ပေးပို့နိုင်မည့်လိပ်စာ ..........................................................................................

၁၀။ ဆက်သွယ်ရန် ဖုန်းနံပါတ် ..........................................................................................
အီးမေးလ်လိပ်စာ ..........................................................................................

၁၁။ ရာသက်ပန်အသင်းဝင်ကြေး ၁၀၀၀၀ိ/( တစ်သောင်းကျပ်)ကိုဥက္ကဋ္ဌမြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၊ တီဘီဆေးရုံလမ်းအောင်ဆန်းစာတိုက်၊ အင်းစိန်မြို့နယ် ရန်ကုန်တိုင်းသို့ ငွေပို့လွှာ (Money Order) ဖြင့် ပေးပို့ရန်ဖြစ်ပါသည်။

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ ဖွဲ့စည်းပုံစည်းမျဉ်းကိုယုံကြည်လက်ခံ၍ လိုက်နာရန် ကတိပြုပါသည်။

(လိုင်စင်ဓါတ်ပုံ (၂)ပုံပူးတွဲပေးပို့ပါရန်)

လက်မှတ် ................................................

အမည် ................................................

ရက်စွဲ ................................................

## မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းညီလာခံ

## ညီလာခံကိုယ်စားလှယ် ပုံစံ

| | |
|---|---|
| အမှတ်စဉ် | ........................................................................................... |
| အမည် | ........................................................................................... |
| အသင်းဝင်အမှတ် | ........................................................................................... |
| နိုင်ငံသားစီစစ်ရေးကဒ်ပြားမှတ် | ........................................................................................... |
| မြို့နယ် | ........................................................................................... |
| ပြည်နယ်/တိုင်းဒေသကြီး | ........................................................................................... |
| သင်တန်းအပတ်စဉ် | ........................................................................................... |
| ဆက်သွယ်ရန် လိပ်စာ | ........................................................................................... |
| Email | ........................................................................................... |
| Fax | ........................................................................................... |

# မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းညီလာခံ

## ညီလာခံလေ့လာသူပုံစံ

| | |
|---|---|
| အမှတ်စဉ် | ................................................................................................ |
| အမည် | ................................................................................................ |
| အသင်းဝင်အမှတ် | ................................................................................................ |
| နိုင်ငံသားစိစစ်ရေးကဒ်ပြားမှတ် | ................................................................................................ |
| မြို့နယ် | ................................................................................................ |
| ပြည်နယ်/တိုင်းဒေသကြီး | ................................................................................................ |
| သင်တန်းအပတ်စဉ် | ................................................................................................ |
| ဆက်သွယ်ရန် လိပ်စာ | ................................................................................................ |
| Email | ................................................................................................ |
| Fax | ................................................................................................ |
| Facebook Account | ................................................................................................ |

**အယူခံလွှာ/ ကန့်ကွက်လွှာတင်သွင်းပုံစံ**

| စဉ် | ကန့်ကွက်လွှာတင်သွင်းသည့် | | | တင်သွင်းရသည့် အဓိကအကြောင်းအရင်းများ | ကန့်ကွက်လွှာတင်သွင်းလိုသည့် ဖြစ်စဉ်အကျဉ်း/ နေ့စွဲ | သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် လွဲမှားနေသည့် အထောက်အထားများ |
|---|---|---|---|---|---|---|
| | မြို့နယ် | ခရိုင် | တိုင်း/ပြည်နယ် | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

အထက်ဖော်ပြပါအချက်များမှန်ကန်ကြောင်းဝန်ခံ၍ အထောက်အထားပူးတွဲတင်ပြပါသည်။

လက်မှတ် -

အမည် -

အသင်းဝင်အမှတ် -

မှတ်ပုံတင်အမှတ် -

ဆက်သွယ်ရန်ဖုန်း -

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၊--------------အဆင့်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲအစည်းအဝေးတက်ရောက်သူများစာရင်း

----------------------------မြို့နယ်၊-------------------ခရိုင်၊----------------တိုင်းဒေသကြီး/ပြည်နယ်

ရက်စွဲ----------------------

ပုံစံ - ၂

| စဉ် | အမည် | ရာထူး/ဌာန/မြို့နယ် | ဖုန်းနံပါတ် | လိပ်စာအပြည့်အစုံ၊Email | လက်မှတ် |
|---|---|---|---|---|---|
| ၁ | | | | | |
| ၂ | | | | | |
| ၃ | | | | | |
| ၄ | | | | | |
| ၅ | | | | | |
| ၆ | | | | | |
| ၇ | | | | | |
| ၈ | | | | | |
| ၉ | | | | | |
| ၁၀ | | | | | |
| ၁၁ | | | | | |
| ၁၂ | | | | | |
| ၁၃ | | | | | |
| ၁၄ | | | | | |
| ၁၅ | | | | | |

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

ရွေးချယ်ခံရသော မြို့နယ်၊ ခရိုင်၊တိုင်းဒေသကြီး/ပြည်နယ်အမှုဆောင်အဖွဲ့စာရင်း

ပုံစံ-၁

မြို့နယ်--------------------- ခရိုင်----------------------- တိုင်းဒေသကြီး/ပြည်နယ်-----------------------

| စဉ် | အမည် | အသက် | အမျိုးသား/နိုင်ငံသား မှတ်ပုံတင်အမှတ် | ရာထူး/ဌာန | အသင်းဝင် အမှတ် | ရွေးချယ်ခံရသည့် တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

လက်မှတ်------------------------------ လက်မှတ်-------------------------- လက်မှတ်---------------------

နာယကအမည်------------------------ ကော်မရှင် အဖွဲ့ဝင်-၁--------------------------- ကော်မရှင် အဖွဲ့ဝင်-၂ ----------------

## မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းညီလာခံ

## ကိုယ်စားလှယ်လွှဲစာ ပုံစံ

ကိုယ်စားလှယ်လွှဲအပ်ခံရသူအမည်..........................................................................................

အသင်းဝင်အမှတ် ..........................................................................................

နိုင်ငံသားစီစစ်ရေးကဒ်ပြားမှတ် ..........................................................................................

မြို့နယ် ..........................................................................................

တိုင်းဒေသကြီး/ပြည်နယ် ..........................................................................................

ဆက်သွယ်ရန် လိပ်စာ ..........................................................................................

ကိုယ်စားလှယ်လွှဲအပ်သူအမည် ..........................................................................................

အသင်းဝင်အမှတ် ..........................................................................................

နိုင်ငံသားစီစစ်ရေးကဒ်ပြားမှတ် ..........................................................................................

မြို့နယ် ..........................................................................................

တိုင်းဒေသကြီး/ပြည်နယ် ..........................................................................................

ဆက်သွယ်ရန် လိပ်စာ ..........................................................................................